ရွှေပြည်သိမ်းစာပေ

# လုံမ

မျှော်လင့်ခြင်းနန်းတော်

(အချစ်လုံးချင်းဝတ္ထုသစ်)



# အခန်း (၁)

"ဘာ. . . နောက်ဆုံးနှစ်စာမေးပွဲကျပြန်ပြီ ဟုတ်လား၊ အလင်းခေတ်၊ ဟိတ်ကောင်လာစမ်း၊ ငါ့ရှေ့ကိုလာစမ်း"

ခပ်ခွာခွာနှင့်ပြေးဖို့ အဆင်သင့်ပြင်နေတာကြောင့် ခုန်အုပ်ဖို့ အသင့်အနေအထားနှင့် ဦးစည်သူခေတ် ကျားဟိန်းသံလို ဟိန်းဟောက် လိုက်သည် ။ တိုက်အဝင်ဝ ကျွန်းတံခါးကြီးပိတ်ထားသည် မို့ ပြေးလို့ မလွတ်တာကိုသဘောပေါက်ကာ အလင်းခေတ်မေမေကိုသာ အားကိုးရှာ ရတော့မည်။

ဒီလောက်ဖေဖေအော်သံဆိုလျှင် ဘုရားခန်းထဲမှာ ဘုရားရှိခိုး နေသောမေမေ ကြားလောက် မှာ ပါ။

"အလင်းခေတ်"

"ဗျာ. . . ဖေ. . . ဖေဖေ"

"မင်းအဲဒီဆိုဖာခုံမှာ ဝင်ထိုင်လိုက်စမ်း"

"မထိုင်တော့ပါဘူးဖေဖေ၊ သားမညောင်းလို့ ပါ၊ ကျေးဇူးတင်ပါတယ်"

"ဟိတ်ကောင်၊ ငါကမင်းကိုအရမ်းချစ်လို့ စေတနာနဲ့ ထိုင်ခိုင်း နေတယ်များ ထင်နေလား၊ ငါလိုက်ရင် မင်းပတ်ပြေးတော့မှာ သိတယ်၊ ဒါကြောင့်ထိုင်ခိုင်းနေတာ"

"ဪ. . . သားကမသိလို့ ပါ"

"အခုသိပြီမဟုတ်လား ထိုင်၊ မင်းငြိမ်ငြိမ်မထိုင်ရင် ငါ့ဒေါသတွေ ဒီထက်ပေါက်ကွဲလာ မယ်နော်"

"ဟုတ်ကဲ့"

မေမေ့အရိပ်အယောင်မမြင်သေးတာမို့ ဖေဖေဒေါသလျော့လိုလျော့ငြား ဆိုဖာခုံမှာ ဝင်ထိုင် လိုက်ရသည် ။ ဖေဖေက မျက်မှောင်ကြုတ် တတ်ခေါက်၊ ဆိုဖာခုံမှာ ဝင်ထိုင်တာကို တစ်ချိန်တည်း လုပ်ရင်း

"ဆယ်တန်းမှာ နှစ်နှစ်ဖြေတယ်၊ ပထမနှစ်တော့ ရှောရှောရှူရှူ ဆိုတော့ ဟုတ်မလား မှတ်တယ်၊ ဒုတိယနှစ်မှာ နှစ်နှစ်၊ နောက်ဆုံးနှစ်မှာ နှစ်နှစ်နဲ့ ၊ မင်းဘယ်အချိန်ဘွဲ့ရမှာ လဲ"

"သားအသက်က နှစ်ဆယ့်နှစ်ထဲမှာ ဆိုတော့ နောက်နှစ်ဆို"

"ဟိတ်ကောင် မင်းကိုငါအသက်မေးနေတာ မဟုတ်ဘူး ၊ သူများသားသမီးတွေ အသက်နှစ် ဆယ်ဆိုဘွဲ့ရပြီး မိဘအလုပ်ကိုဝင်ကူညီနေကြပြီ၊ ကိုယ့်အစွမ်းအစနဲ့ ကိုယ်အောင်မြင်နေတဲ့ သူ တွေလည်း ရှိတာပဲ၊ ကျောင်းကောင်းကောင်း မှာ ထားတော့လည်း မနေဘူး၊ နိုင်ငံခြားသွား ပညာ သင်ဆိုတော့လည်း မဟုတ်၊ မင်းက ဒီအဖေစကားကိုနာခံရမှန်းမသိတဲ့ ကောင်ပဲ"

"အဲဒီလိုတော့မပြောပါနဲ့ ဖေဖေ၊ သားကကျောင်းပိတ်ရက်တွေမှာ ကုမ္ပဏီနဲ့ ပတ်သက်တဲ့ စပီကင်တွေ၊ တခြားသင်တန်းတွေ အကုန်တက်ထားတာက ဘွဲ့ရပြီးတာနဲ့ အလုပ်ဝင်လို့ အဆင်ပြေ အောင်ဆိုတဲ့ ရည်ရွယ် ချက်ထားတာပါ"

"တော်လိုက်တဲ့ ငါ့သား၊ မင်းမှာ အဲဒီလောက်ရည်ရွယ်ချက် ကြီးမား

နေရင် ဘာလို့ ဘွဲ့မြန်မြန် ရအောင် မကြိုးစားတာလဲပြောစမ်းပါဦး၊ အဲဒီ ကိစ္စ ငါကျေနပ်အောင်ရှင်းရင်ရှင်း၊ မရှင်းရင်မင်း ကိုငါဒီနေ့သတ်မယ်"

ကြိမ်းဝါးမှုက တကယ့်ကိုကျောချမ်းစရာပါ။ ဖေဖေကဒေါသ ထွက်လျှင်တကယ်လုပ် တတ်သူမို့ ကြက်သီးမွေးညင်းထကာ ကျောချမ်းပြီး ရှူးရှူးပါထွက်ချင်သည် ။

ငယ်ငယ်ကဆို ဖေဖေစိတ်တိုင်းမကျဘူးဆို ဆဲဆိုရိုက်ပုတ်တာ ခဏ ခဏခံရ၏။ မေမေကသည်းသည်းလှုပ်ကာ သူ့ဘက်က ကာကွယ်မပေးလျှင် သူအရိုးတခြား အသားတ ခြားဖြစ်မှာ သေချာသည် ။ စိတ်မထင်ရင် မထင်သလို အိမ်ပေါ်ကတောင်နှင်ချတတ်သေး၏။

အခုလည်း သူဆင်ခြေပေးမတတ်လျှင် နီးရာနှင့်ကောက်ပေါက်မလား၊ အိမ်ပေါ်က ခေါင်း နဲ့ ဆင်းခိုင်းမလားမသိ။

"ရည်ညွန်းသဒ္ဒါကိုစောင့်နေရလို့ ပါ ဖေဖေ"

"ဘာ"

"ရည်ညွန်းသဒ္ဒါက ဒီနှစ်မှ နောက်ဆုံးနှစ်တက်မှာ ၊ ကွန်ပျူတာ ဒီပလိုမာဘွဲ့ရဖို့ သူလည်း နိုင်ငံခြားကိုမသွားပါဘူး၊ သူလည်း ဒီမှာ တက်နေတာပဲ"

"အဲဒါဘာဖြစ်လဲ"

"သားကသူ့ကိုစောင့်နေတာပါ၊ အတူတူဘွဲ့ရတော့ မကောင်းဘူးလား၊ ဒီထက်ပိုပြီး ရင်းနှီး တော့ နောက်လက်ထပ်ဖို့ ကိစ္စမှာ အခက်အခဲ မရှိတော့ဘူးပေါ့"

"မင်းလိုကောင်ကိုဘယ်သူက လက်ထပ်မယ်ပြောလို့ လဲ၊ သူ့အဖေဦး အောင်ဇင်က အရမ်း အမြော်အမြင်ကြီးပြီး ငါတို့ ထက်အောင်မြင် နေတဲ့

သူတွေ၊ လုပ်ငန်းအကျိုးတူပူးပေါင်းဖို့ မနည်း စည်းရုံးနေရတာ၊ အရည်အချင်းမရှိတဲ့ ကောင်ကို သမက်ရွေးမယ်ထင်နေလား"

"လက်ထပ်တယ်ဆိုတာ စီးပွားရေးလုပ်နေတာမှ မဟုတ်ဘဲ ဖေဖေ၊ သားတို့ လက်ထပ်ပြီးရင် နှစ်ဖက်မိဘတွေရဲ့ လုပ်ငန်းတွေက သားတို့ ပိုင်ရမှာ ပဲမဟုတ်လား၊ အရမ်းအပင်ပန်းခံကြိုးစား နေစရာမလိုပါဘူး"

"ဟိတ်ကောင်၊ မင်းကသိပ်အပြောကြီးနေတယ်၊ ဘယ်လောက်တောင်ပတ်သက်မှုရှိနေပြီလဲ၊ စာမေးပွဲအကျခံလောက်အောင် မင်းဘက်က ပေးဆပ်မှုတွေရှိနေတယ်ဆိုတော့"

"မေးထူးခေါ်ပြောအဆင့်တော့ ကျော်လာပါပြီ"

"ဟိတ်ကောင်"

"အား. . . ဖေဖေ"

ဖေဖေ တော်တော်ဒေါသထွက်သွားသည် ထင်သည် ။ လက်သီး တစ်ချက်ပြင်းပြင်းထိုးရင်း သူ့အပေါ်ခုန်အုပ်လိုက်၍ သူငယ်သံပါအောင် အော်လိုက်ရသည် ။

"ကိုစည်သူ. . . ရှင်ဒါဘာလုပ်တာလဲ၊ ကလေးကို ဘာလုပ်တာလဲ၊ သား. . . သားငယ်၊ အမလေး သားငယ်သေတော့မှာ ပဲ"

ဦးစည်သူခေတ်ကိုတွန်းထိုးရင်း အလင်းခေတ်ကို ဒေါ်မြကတ္တီပါ ဆွဲထူသည် ။ ဒီလိုရိုက် နှက်ဆုံးမသည့်အချိန်တိုင်း ဒေါ်မြကတ္တီပါ အချိန်မီရောက် လာပြီး ဝင်ရောက်ဖျန်ဖြေဆွဲလွှဲရစမြဲပါ။

"မင်းဖယ်စမ်းပါမြလေးရယ်၊ ဒီကောင်ကို ဒီနေ့သေအောင်သတ် မယ်၊ အမြဲတမ်းဆင်ခြေ ဆင်လက်နဲ့ အသုံးမကျတဲ့ ကောင်ဖြစ်နေတာ၊ မိဘလုပ်စာထိုင်စားပြီး ရေသာခိုဖို့ ပဲ စဉ်းစားနေတယ်၊ ဖအေကအရည်အ

ချင်း အစွမ်းအစရှိအောင် ဘယ်လိုမြေတောင်မြှောက်မြှောက်သောက် သုံးကိုမ ကျဘူး"

"သားကငယ်သေးတာပဲ၊ ခေတ်လူငယ်လေ၊ ကိုယ်ဖြစ်ချင်တာ အတ င်းအကျပ်ပုံသွင်း လို့ ရပ့ါမလား"

"အသက်နှစ်ဆယ်ကျော်နေပြီ ဒါကလေးလား၊ သူများ သား သမီး တွေ မိဘလုပ်ငန်း ခွင်ထဲဝင်နေကြပြီ၊ ဒီကောင်က အခုထိလတ်လျား လ တ်လျားနေချင်တုန်း၊ အဲဒါမင်းကာဆီး ကာဆီးလုပ်နေလို့ မြလေး၊ ဘယ် တော့မှ အပိုးမကျိုးဘူး"

"ဆုံးမတယ်ဆိုလည်း စည်းနဲ့ ကမ်းနဲ့ ဆုံးမမှ ပေ့ါ၊ အခုတော့ ကျွန်မ သာ သားငယ်ဘက်က မကာကွယ်ရင် သားငယ်လေး ခြေကျိုး လက်ကျိုးဖြစ်လို့ မိမွေးတိုင်းဖမွေးတိုင်းကိုရှိမှာ မဟုတ်ဘူး "

"ငါအသက်ကြီးနေပြီ၊ အသက်ခြောက်ဆယ်ပြည့်တော့မယ်၊ ငါသေ သွားရင် မင်းဒီကောင်နဲ့ ဒုက္ခရောက်မယ်မြလေး၊ လက်ကြောမတင်း ရ ည်ရွယ်ချက် ရည်မှန်းချက်မရှိ ပန်းတိုင်မရှိနဲ့ မင်းတို့ အ တွက် ငါရင် လေး တယ်"

"ရှင်ရှာထားတာ သားငယ်အလုပ်မလုပ်လည်း ဒီတစ်သက်စား မကု န်ပါဘူး၊ တကယ်လို့ ရှင်မရှိတဲ့ အချိန်မှာ ကျွန်မတို့ ဘဝနိမ့်ပါးသွား လ ည်း စိတ်မပူနဲ့ ၊ ကျွန်မသားနဲ့ သမီးကို ကျွန်မအ ပင်ပန်းခံရှာကျွေးမယ်"

"မြလေး"

ဒေါ်မြကတ္တီပါရဲ့ စကားကြောင့် ဦးစည်သူခေတ်ရင်ထဲမှာ ကျေနပ် မြ တ်နိုးသွားခဲ့သည် ။ သားနဲ့ သမီးအပေါ် ဒီလိုမေတ္တာထားနိုင်လို့ ပါ။ အလ င်း ခေတ်ကို မျက်စောင်းလှည့်ထိုးပြီး ဒေါ်မြ ကတ္တီပါလက်ကလေးကို ဆု

ပ်ကိုင် လိုက်ကာ

"ကျေးဇူးတင်ပါတယ်မြလေး၊ မြလေးမှာ အဲလိုမိခင်မေတ္တာ အပြည့် အဝရှိနေပေးတာ ကိုယ်တန်ဖိုးမဖြတ်နိုင်ပါဘူး၊ ဒါပေမဲ့ မိဘတွေ က ဒီ လောက်ကောင်းပေးတာကို မသိတတ်နား မလည်တဲ့ ဒီကောင်ကို ကိုယ် မကျေနပ်ဘူး၊ မိဘအတွက်ဆိုပြီး ဒီကောင်မှာ ဒီအချိန်ထိအတွေး မရှိလို့ ကိုယ်ဆုံးမမှ ရမယ်၊ ဟိတ်ကောင်"

"ဟာ ဖေဖေ"

မေမေကိုကြည့်သောမျက်လုံးနှင့် သူ့ဘက်ကြည့်သောမျက်လုံး ရဲ့ ကွာဟမှုကြောင့် အလင်း ခေတ်လန့်ဖျပ်သွားကာ ဆိုဖာခုံပေါ်လဲကျ နေ ရာမှ ခုန်ထလိုက်ပြီး မေမေနောက်မှာ ပုန်းကွယ် နေလိုက်ရသည်။

မေမေက သူ့ဘဝကိုလုံးပါးမပါးရအောင် အကာအကွယ်ပေး နိုင် မ ဟာတံတိုင်း ကရုဏာရှင် ကျေးဇူးရှင်ကြီးပါ။ အခုလည်း ဖေဖေ့ကို မျက် စောင်းနုနုထိုးလျက်. . .

"ကိုစည်သူ၊ ကျွန်မရှေ့မှာ သားငယ်ကို နိုင်တိုင်း အနိုင်မကျင့် ပါနဲ့ ၊ ငါမိဘပဲဆိုတဲ့ အတ္တ စွဲရှိတာ ကျွန်မ မကြိုက်ဘူး၊ သားသမီးဆိုတာ မိဘ က ရိုက်လည်း ခံရမှာ ပဲ၊ ဆဲဆိုနေလည်း ခံရမှာ ပဲ၊ အပြစ်ပြောလည်း ခံ ရမှာ ပဲ၊ ဘယ်လောက်သနားစရာကောင်းလဲ"

"ပြောလိုက်စမ်းပါ မေမေရယ်၊ ဖေဖေက ဘာမှ နားမလည်ဘူး"

"ဟိတ်ကောင်"

"ကိုစည်သူ"

မေမေက ဖေဖေ့အသံထက်ကျယ်အောင် အော်လိုက်၍ ဖေဖေ ဘာမှ မပြောတော့ဘဲ လက်သီးဆုပ်ထောင်ပြ၏။ မေမေ့ကိုတော့ ဖေဖေ ဘယ်

တော့မှ မလွန်ဆန်ပါ။

ဖေဖေနှင့်မေမေက အသက်နှစ်ဆယ်တောင်ကွာတာ။ မေမေ က ဖေဖေထက်ငယ်သလို၊ လှပပြေပြစ်မှုက အပျိုတွေရှုံးလောက်ပေ သည် ။ အမြဲတမ်းကျော့ရှင်းသပ်ရပ်အောင်နေတတ်ပြီး ဖြီးလိမ်းပြင်ဆင်မှု နှင့် စမတ်ကျနေတတ်၏။

တချို့သားအမိမှန်းမသိသည့် သူစိမ်းတွေကဆို၊ သူတို့ မောင်နှမ နှင့် မေမေ့ကို မောင်နှမသုံး ယောက်ဖြစ်မည်ဟု ထင်ကြ၏။ မေမေက အဲလောက်လှပဖော်ရွှေနေလို့ လည်း ဖေဖေက မေမေ့ ကိုမလွန်ဆန်နိုင်ဘဲ အချစ်ပိုနေခဲ့တာဖြစ်မည်။

"မေမေ သမီးကျောင်းသွားတော့မယ်"

"သြော်. . . အေးအေး သမီးကြီး၊ ညနေစာသမီးကြိုက်တာ မေမေချက်ထားမယ်နော်"

"ဟုတ်ကဲ့. . . ဒါကြောင့် မေမေကိုချစ်တာ"

မေမေ့ပါးနှစ်ဖက်ကိုနမ်းမွှေးကာ နှုတ်ဆက်ပြီး ဖေဖေ့ကိုတော့ မဝံ့မရဲလေးသာ ခေါင်း ညိတ်ပြသွား၏။ ဖေဖေကလည်း မျက်မှောင်ကြုတ် နှင့်ကြည့်နေတာပါ။

မမကိုလည်း ကုမ္ပဏီအလုပ်တွေကိုစိတ်မဝင်စားဘဲ၊ တက္ကသိုလ် မှာ ကျူတာဝင်လုပ်နေလို့ စိတ်တိုင်းမှ မကျတာ။

သားနှင့်သမီးနှစ်ယောက်မွေးထားတာ၊ တစ်ယောက်မှ ပုံစံသွင်း လို့ အဆင်မပြေ။ မေမေ ရဲ့ ဗိုင်းကောင်းကျောက်ဖိ ဆုံးမသွန်သင်မှုတွေ အောက်မှ မမက အနေအေးဆေးပြီး စိတ်သဘောထားနူးညံ့ပျော့ပျောင်း လွန်းသည် ။

ဘယ်တော့မှ ရန်မရှာတတ်၊ ပြဿနာမရှာတတ်။

အိမ်မှုကိစ္စတွေ မေမေဆီကသင်ယူပြီး အေးအေးဆေးဆေးသာ နေတတ်သည် ။ ထက်မြက် သွက်လက်မှုမရှိတာကို ဖေဖေကအားမလိုအားမရနှင့်ပြောဆိုဆုံးမရင်လည်း မေမေကမှ မကြိုက်တာ။

"သမီးမိန်းကလေးဆိုတာ အပြင်စီးပွားရှာတတ်ရင် ပျက်စီးသွား လိမ့်မယ်၊ အခုခေတ် ယောကျ်ားတွေက မိန်းကလေးတစ်ယောက် ငွေရှာတတ်တဲ့ လုပ်ငန်းရှင်ဆိုရင် ပိုင်းလုံး လုပ်ချင် နေကြတာ၊ ကျွန်မသမီးကို အဲလိုလူညံ့ လူယုတ်မာတွေနဲ့ အတွေ့မခံနိုင်ဘူး၊ ဗိုင်းကောင်းကျောက်ဖိ ဣန္ဒြေရရသိက္ခာရှိတဲ့ သူပဲဖြစ်စေချင်တယ်"

မိခင်တစ်ယောက်ရဲ့ မေတ္တာများ မို့ ဖေဖေဦးစည်သူခေတ် အတွန့် မတက်သာ။ သမီးမိန်းက လေးဆိုတော့ စိုးရိမ်မှာ စိတ်ပူမှာ ပဲဟု အလျော့ပေးထားရသည့်ပုံမျိုးပါ။ ဒါပေမဲ့ အလင်းခေတ် ဒီပုံစံဖြစ်နေတာတော့ ခွင့်လွှတ်နိုင်ပုံမပေါ်။ဖေဖေကအသက်ကြီးပြီး အရာရာစွမ်းဆောင်မှု အားနည်းလာ သည့်အခါမှာ သားယောကျ်ားလေးကို အားကိုးချင်သလို၊ လုပ်ငန်းတွေလွှဲအပ်ဖို့ အ တွက် အရာရာနားလည်ထားစေချင်တာလည်း သူမသိလို့ မဟုတ်ပါ။ ဒါပေမဲ့ ဝန်ပိမခံချင်။

ငယ်ရွယ်သေးသည့်အချိန်မှာ လွတ်လပ်သလို ကဲချင်သေး သည် ။ မေမေ့အားကိုးနှင့် နေသာသလိုနေချင်သေး၏။

"မေမေ. . . ဖေဖေမျက်နှာကြီးကြည့်ပါဦး၊ မေမေအခန်းထဲခေါ်သွားပြီး ချော့လိုက်ပါ၊ သားဘရိတ်ဖတ်စ်စားချင်လို့ "

မေမေနားနားလေးတိုးတိုးကပ်ပြောတော့ မေမေကသဘော ပေါက်သည် ။

"ကိုစည်သူ. . . ရှင်ကုမ္ပဏီသွားတော့မှာ မဟုတ်လား၊ အဝတ် အစား ကျွန်မထုတ်ပေးမယ်၊ နက်ခ်တိုင်လည်း ကျွန်မအသစ်ဝယ်ထား တယ်၊ အဲဒါလေးနဲ့ ဆိုစမတ်ကျမှာ "

"အဟင်း. . . ဟုတ်လား"

ဒေါ်မြကတ္တီပါ ထိုစကားမျိုးပြောပြီဆို ဦးစည်သူခေတ်သဘော တွေ ကျကာ ကျေနပ်သွား ရသည် ။ အသက်နှစ်ဆယ်ငယ်သော ဇနီးငယ် လေးကို ဦးစည်သူခေတ် မြတ်မြတ်နိုးနိုး တန်ဖိုးထားကာ မရရအောင် ယူထားရတာပါ။ အချစ်ကြီးချစ်မိလို့ အတ္တတွေလည်း ကြီးခဲ့မိသည် ။ မ လုပ် သင့် မလုပ်အပ်တာတွေကိုလည်း လုပ်ခဲ့မိ၏။

ဒါပေမဲ့ ဒီနေ့အချိန်ထိ ကိုယ့်ရဲ့ လုပ်ရပ်တွေကို မြကတ္တီပါ မသိ သေး ။ ဒါကြောင့်လည်း ကိုယ့်ကိုယုံကြည်အားကိုးကာ ဒီလိုဆက်ဆံနေ နိုင် သေးတာပေါ့။

သိသွားခဲ့ရင်တော့ အိမ်ထောင်ရေးပြိုကွဲပြီး သားသမီးတွေရော ကစ င့်ကလျား ဖြစ်ကုန် မှာ သေချာသည် ။ ဒီဘဝဒီအခြေလေးကို လုံးဝမစွန့် လွှတ်နိုင်ပါ။ ကိုယ်မသေဆုံးခင်အထိ စိတ်ချမ်းသာ ချင်သေးလို့ မြကတ္တီ ပါ ရဲ့ အမုန်းတွေကို လက်မခံနိုင်လို့ ဆက်ပြီးတော့အတ္တ ကြီးကြီးနှင့်ဖုံး ကွယ် ထားရဦးမှာ ပါပဲ။

"ဟိတ်ကောင် မင်းကြပ်ကြပ်သတိထား၊ ငါ့မိန်းမစိတ်မချမ်းသာ မှာ စိုးလို့ အခုစိတ်လျှော့ လိုက်တာ၊ မင်းနဲ့ ငါထပ်တွေ့ဦးမယ်"

သူပခုံးတွန့်ကာ ကျန်ရစ်ခဲ့သည် ။ ဖေဖေကတွေ့မယ်ဆို တွေ့ ဖြစ် အောင်တွေ့မှာ ပါ။

မေမေ့ကိုအသက်နှစ်ဆယ်လောက်ကွာသော ဇနီးချောလေးမို့ လားမ

သိ တော်တော်လေးကို ချစ်ရှာသည် ။ သူနဲ့ မမအပေါ်မှာ တောင် ဒီ လောက်မဟုတ်ပါ။

အမြဲလိုဆူပူမာန်မဲရင်း တစ်ချက်လေးမှ မျက်နှာသာမပေး။ ဖြစ် စေချင်သလို ဖြစ်မလာတာမို့ စိတ်တိုင်းမကျတိုင်း ရိုက်မောင်းပုတ်မောင်း ခြေရောလက်ရောပါတတ်သည် ။ မေမေကတော့ သူတို့ မောင်နှမဘက်က အမြဲတမ်းအကာအကွယ်ပေးတတ်သူပါ။

အလိုလိုက်ဖြည့်ဆည်းမှုများ ဖြင့် တကယ့်ကိုမိခင်ကောင်းတစ်ယောက်။

*

## အခန်း (၂)

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမဲ့ မှန်လုံခန်းထဲမှာ ကော်ဖီ ကို ဖိမ်ခံသောက်နေရ တာမကြိုက်ဘူး၊ တက္ကသိုလ်ကျောင်းသားဘဝ လွတ် လွတ်လပ်လပ်နဲ့ ကင်န်တင်းမှာ ဆွဲချင်ရာဆွဲ ပြောချင်တာပြောရတဲ့ အရ သာကိုပဲခံချင်တယ်"

"ဟိတ်ကောင်ရှင်းရှင်းပြော၊ ရည်ညွန်းသဒ္ဒါရှိတဲ့ နေရာကို သွား ချင်တာလို့ "

"အဟဲ. . . မင်းသဘောပေါက်လွယ်သားပဲဇေယျာ"

"မင်းကတော့ မပြောလိုက်ချင်ဘူး၊ အရှက်မရှိကိုယ့်ဘာသာ စာမေး ပွဲကျတာကို ရည်ညွှန်းသဒ္ဒါကိုစောင့်နေတယ်ဆိုတာ လုပ်လိုက်သေး တ ယ်၊ ဟိုကောင်မလေးက တကယ်မှတ် နေတာ နော်၊ မင်းတော်လ်ကီတွေ ကိုကြွေနေတာ၊ စရိုက်ချင်းကလည်း မသဲမကွဲ၊ အသက်ချင်း သာမကွာရ င်၊ အရင်တည်းက နှစ်ယောက်ပေါင်းလောင်းကျော်ဖြစ်မယ့်ဟာမလေး"

ဇေယျာပြောတာကို သဘောကျကာ အလင်းခေတ် ဟက်ဟက် ပက် ပက်ရယ်ချလိုက်သည် ။ ရည်ညွှန်းသဒ္ဒါကလည်း သူလိုပင် ပကာသန မဲ့ ကာ ပွင့်လင်းသူပါ။

သူမအဖေရဲ့ ဒင်နာပွဲမှာ ဖေဖေကသူ့ကိုခေါ်သွားပြီး မိတ်ဆက် ပေး လို့ ပထမဆုံး သိကျွမ်းခွင့်ရခဲ့တာ။ ကျောင်းမှာ ပြန်ဆုံတော့ သူမလည်း

ဒီကျောင်းမှာ တက်နေသည် ဆိုတာ သိလိုက်ရသည် ။ အရင်က မိန်းက လေး တွေကို စေ့စေ့မကြည့်ဘူးလို့ သတိမထားမိခဲ့တာပါ။

ဒါပေမဲ့ သူမကကိုယ့်ထက်နှစ်နှစ်လောက်ငယ်တာမို့ အတန်း လည်း ငယ်သည် ။ ဒါလည်း ကိစ္စမရှိ။

ကိုယ်က စာမေးပွဲခဏခဏကျသည့်ကောင်ဆိုတော့ အတန်းက အ တူတူပဲဖြစ်သွား၏။

"ဟိတ်ကောင်. . . ရည်ညွှန်းသဒ္ဒါတို့ ဟိုဘက်ဝိုင်းမှာ ကွ"

ဇေယျာပြောလိုက်သည် နှင့် သူ့ခေါင်းချာခနဲလည်သွားသည် ။ ထိုင် နေကျဝိုင်းမှာ သူမက သူငယ်ချင်းတစ်ယောက်နှင့် ကြွကြွရွရွလေး လေ ပေါနေလေ၏။

"မင်းတခြားဆိုင်သွားထိုင်ချင်ထိုင်လေ"

"ဘာ"

အလင်းခေတ်တို့ ကတော့ ကျေးဇူးမသိတတ်စွာ ကန်ထုတ်နေသည် ။ ဇေယျာအမြင်ကတ်စွာ အလင်းခေတ်ရှေ့ကပိတ်ရပ်ပြီး

"မင်းတစ်ယောက်တည်းကောင်းစားချင်လို့ ဖြစ်မလား၊ ရည်ညွှန်း သဒ္ဒါဘေးက ချိုချို ကိုလည်း ငါခံစားပါရစေဦး၊ ရုပ်ကလေးက ရည်ညွှန်း သဒ္ဒါလိုမလှပေမယ့် ချစ်မွေးတော့ပါတယ်ကွ"

"ချစ်မွေးဆိုတာ ဘယ်လိုဟာမျိုးလဲ"

"တိုတိုကောက်ကောက်လေး၊ အာ. . . မဟုတ်ပါဘူး၊ ခင်စရာ ကောင်းတယ်လို့ ပြောတာ၊ မိန်းကလေးတွေရဲ့ အနံ့တစ်ချက်ရှူရင် တစ် မိနစ်အသက်ပိုရှည်တယ်တဲ့ ၊ အချက်ပေါင်းများ စွာ ရှူရှိုက်ရရင် ဘယ်နှ

စ် နာရီ အသက်ပိုရှည်မလဲ မင်းစဉ်းစားကြည့်"

"ဘယ်ပညာရှိက အဲဒီစကားထားခဲ့တာလဲ"

"ကြားဖူးနားဝပါ၊ ဘယ်မှတ်တမ်းထဲမှာ တော့ ငါလည်း မတွေ့ ဖူးဘူး၊ ဒါပေမဲ့ အဆီပိုတွေ လျော့မှာ ကတော့ သေချာတယ်"

"ဘာလို့ လဲ"

"ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားပြီး အဲဒီအကြောင်း တွေးဖြစ်ရင် စားဖို့ မေ့ အိပ်ဖို့ မေ့သွားတတ်တယ်လေ၊ အဲဒါဆို အဆီ အသားမ တိုးတော့ဘူးပေါ့၊ အိမ်ထောင်ကျပြီးတာနဲ့ မိန်းကလေး ယောကျ်ားလေးတွေ ဝတတ်တယ်ဆိုတာက အပိုင်ရသွားပြီ၊ အပိုလုပ်ပြီး တွေးစရာမ လိုတော့ဘူး၊ အမြဲမြင်တွေ့နေရတော့ စိတ်ကူးယဉ်ရင်ခုန် စရာမလိုတဲ့ အတွက် အအိပ်အစား လည်း မပျက်တော့ဘူး"

"သြော်. . . ပညာရှိပဲ၊ စင်ထိုးပြီးကိုးကွယ်ထားဖို့ ကောင်းတယ်၊ သွားစမ်းပါကွာ လျှောက်ပြော နေတယ်။ ဟိတ်ကောင် မင်းစားတာ ငါ မရှင်းဘူးနော်"

"သူဌေးသားကလည်း ကပ်စေးနဲနေတယ်၊ ရည်ညွှန်းကိုတော့ အပုံလိုက်အန်ကျွေး မယ့်ကောင်"

"တူမလား၊ ဒါပေမဲ့ မင်းစားချင်တယ်ဆိုရင် အခုငါအန်ချလိုက် ပါ့မယ်၊ မင်းကလည်း ငါ့ရဲ့ ချစ်သူငယ်ချင်းကြီးပဲ"

"ထွီ. . . ရွံစရာကြီး"

စနောက်ပြောဆိုရယ်မောရင်းနှင့် ရည်ညွှန်းသဒ္ဒါတို့ စားပွဲနား ကိုတွန်းတွန်းထိုး ထိုးပင် ရောက်လာခဲ့ကြသည် ။

"ရည်ညွန်း . . . ကိုယ်တို့ ထိုင်မယ်နော်"

"ဩော်. . . ရှေ့မီနောက်မီဝါရင့်သမ္မာရင့် သက်တော်ရှည် ကျောင်းစောင့်သရဲကြီးပါလား၊ ထိုင်ပါ ထိုင်ပါ"

"ရည်ညွန်းကကွာ၊ အားမနာတမ်းကို အပုပ်ချတော့တာပါလား၊ ကိုယ်စိတ်မကောင်းအောင် အဲလောက်မချီးမွမ်းပါနဲ့ "

"ရှက်တတ်ရင် နောင်နှစ်ဒီကျောင်းမှာ ချန်မနေခဲ့နဲ့ "

"စိတ်ချ စိတ်ချ၊ အဲဒါတော့ ကိုယ်လုံးဝအာမခံတယ်၊ ဒီနှစ် စာမေးပွဲအကျခံချင်လို့ ခံလိုက်တာ မဟုတ်ဘူး ၊ ရည်ညွန်းနဲ့ အတန်းအတူ တူတက်ချင်လို့ လေ၊ အဟဲ . . . အဲဒါတကယ်"

"တော်လ်ကီကတော့ကြွေလောက်တယ်၊ အထင်မကြီးလောက်ပေမယ့် ခင်ဖို့ တော့ ကောင်းပါ တယ်၊ ရှင့်အဖေကတော့ အကြွေးရှင်လို ဆက်ဆံတယ်မဟုတ်လား"

"ဟာ. . . ရည်ညွန်းဗိုက်ထဲမှာ အတတ်ဟောနိုင်တဲ့ ပုဏ္ဏားလေး ရှိတယ်ထင်တယ်၊ ဟုတ်တာပေါ့ကွာ၊ အကြွေးရှင်ကမှ ထိုင်ကန်တော့ပြီးတောင်းပန်ရင် လက်လျှော့သွားနိုင်တယ်၊ ဖေဖေကတော့ ဗန်တို ဗန်ရှည် ကရာတေးအစုံနဲ့ အတိတ်မေ့အောင် ထုတော့ထောင်းတော့မလို့ ၊ မေမေ သာမကယ်ရင် ကိုယ်ဘဝအခြေမလှဘဲ လုံးရာကတောင်ပြားသွားနိုင် တယ်"

"ဟင်. . . ဘာ. . . ဘာပြောတယ်၊ ဘယ်လိုကြီးလဲ"

"ဩော်. . . ပြားပြားဝပ်အောင် ကြောက်ရတယ်လို့ ၊ ဖေဖေက အရမ်းစိတ်ကြီးတာ၊ ကျောင်း တွေအမြန်ပြန်ဖွင့်လို့ ကျောပူနားပူသက်သာသွားတာလေ၊ ရည်ညွန်းကိုလည်း မြန်မြန်တွေ့ရတယ်"

"ဟွန်း အပိုတွေ"

စကားရော ဖောလျှော်ပြောလိုက်တာကို ရည်ညွှန်းသဒ္ဒါမျက် စောင်း ရွယ်သည် ။ ချိုချိုက ရည်ညွှန်းသဒ္ဒါကို ပခုံးချင်းလှမ်းတိုက်ပြီး. . .

"သူများကိုအပိုတွေဘာတွေသွားကျွေးမနေနဲ့ ၊ နင်ကရော ဘာ ထူး လဲ၊ ကျောင်းတွေပိတ်တာ ပျင်းစရာကောင်းလိုက်တာ၊ အလင်းခေတ် နဲ့ လည်း မတွေ့ရဘူး၊ ဖုန်းဆက်ချိန်းရင်လည်း မိန်းကလေးသိက္ခာကျ တ ယ်၊ ကျောင်းမြန်မြန်ဖွင့်ပါစေလို့ ဆုတောင်းနေပြီးတော့"

"ဟဲ့. . . ငါ့ဘာသာပြောတာ၊ နင်က အရှက်ကွဲအောင်ဖောက် သည် ချ စရာလား၊ ချီးထုတ်မ အပေအတေမ၊ အခုနင်စားထားတာ ငါ မရှင်းဘူး"

မျက်နှာနီနီလေးဖြင့် ရည်ညွှန်းသဒ္ဒါ အရှက်သည်းသွားပုံက ချစ်စရာ လေးပါ။ ဘယ်နေရာ မဆို၊ ပွင့်လင်းတတ်သူဆိုပေမယ့် ဒီလိုကိစ္စမှာ တော့ မိန်းကလေးပီသစွာ ရှက်တတ်ချင် ယောင် ဆောင် နေတာလည်း ဖြစ်နိုင်ပါသည် ။

"ကဲပါ. . . ရည်ညွှန်း မကျွေးလည်း ကျွန်တော်ကျွေးပါ့မယ်၊ စားပြီး သားအပြင် ထပ်စားချင်လည်း စားပါ"

"ဟိတ်ကောင် မင်းမျက်နှာပြောင်လှချည်လား အလင်းခေတ်၊ ငါ့ကို တော့အန်ဖတ်"

"ဟိတ်ကောင်၊ မင်းဘာမျိုးချင်ဆို့ချင်တာလဲ၊ အဲလိုပြောလည်း ငါပဲ ကျွေးနေရတာ၊ မင်းကအရမ်းကိုလေဖောင်းလွန်းတယ်၊ အေး. . . ငါ့ ကို ချွန်ရင် ငါလည်း ပြန်ချွန်မှာ နော်၊ ခုနက ချိုချိုကဘာဖြစ်တယ် ချစ်မွေး"

"ဟာ. . . အလင်းခေတ် မင်းမယုတ်မာနဲ့ နော်၊ ရှိရင်းစွဲခင်မင်မှု လေး နောက်ဂျမ်းပြန် ပြီးပျောက်သွားဦးမယ်"

ဇေယျာ ပျာပျာသလဲ အလင်းခေတ်ပါးစပ်ကို လှမ်းပိတ်၏။ ချိုချိုက စိတ်ဝင်စားသွားပုံရကာ

"ချစ်မွေးဆိုတာ ဘယ်သူလဲ၊ ချို့သူငယ်ချင်းထဲမှာ မရှိပါဘူး၊ သူက ချို့ကိုသိတယ် ပြောလို့ လား"

"ဗျာ. . . ဟင်. . . မ. . . မပြောပါဘူး"

"ဘာမပြောပါဘူးလဲဟိတ်ကောင်၊ မင်းပဲပြောပြီးတော့၊ တိုတို ကောက်ကောက်"

"ဟုတ်လား ကိုဇေယျာ၊ ဘာလဲပြောလေ"

"အာ. . . မပြောပါဘူး၊ မသိပါဘူး၊ ဟို. . . "

ဇေယျာမျက်နှာပူစွာ ထပြေးလေသည် ။ အလင်းခေတ် အူလှိုက် သည်းလှိုက် ရယ်ချ လိုက်တော့ ရည်ညွန်းသဒ္ဒါ ဘုမသိဘမသိလိုက်ရယ်ပြီး

"ဘာအကြောင်းမို့ ကိုဇေယျာကြီး ထပြေးတာလဲ"

"ချိုချိုသိချင်ရင် လိုက်မေးလေ၊ ဒီကောင်ကြီးက ချိုချိုကိုပြော ရမှာ အားနာနေတာ"

"ဟုတ်လား၊ သူငယ်ချင်းလိုဖြစ်နေပြီကို ဘာအားနာနေတာလဲ"

"ဟုတ်ပ့ါ၊ အဲဒီကောင်ဘာမှန်းမသိဘူး၊ လိုက်သွားလိုက်ပါ၊ ဘာလဲ လို့ ရအောင်သာမေးခဲ့"

"ဟဲ့. . . ရည်ညွန်း ငါခဏလိုက်မေးလိုက်ဦးမယ်"

"အေး. . . မြန်မြန်ပြန်လာနော်"

"အေးပါ"

ချိုချိုလိုက်သွားသည် နှင့် အလင်းခေတ် အားရပါးရထရယ်တော့ ရည်ညွှန်းသဒ္ဒါ အထာမ ပေါက်ဘဲ

"ရှင်ကရယ်နေတော့တာပဲ၊ ဘာတွေသဘောကျနေတော့တာ ပဲ"

"ချိုချို ရည်းစားစကားပြောခံရတော့မှာ တွေးမိလို့ ပါ"

"ဘာ. . . ဘာပြုလို့ လဲ"

"သြော်. . . ခုနက ချစ်မွေးဆိုတာ တိုတိုကောက်ကောက်"

"ဟင်"

"အဲ. . . မဟုတ်ဘူး ၊ ချိုချိုက ချစ်မွေးပါတယ်ဆိုပြီး ဇေယျာ ပြောတာ ၊ ဒီကောင် ချိုချို့ကို စိတ်ဝင်စားနေတာလေ၊ အဲဒါ ကိုယ်ကရှေ့ မှာ ပေါ်တင်ပြောလိုက်တော့ ဒီကောင်ရှက်သွားတာလေ၊ အခု ချိုချိုက သိချင်လို့ လိုက်မေးတော့၊ ဒီကောင်ဖွင့်ပြောဖြစ်သွားတာပေါ့"

"ရှင်ကလေ တကယ့်ဗရွတ်ရွတ်တပဲ၊ သူများကိုချောက်ချဖို့ တော့တတ်တယ်"

"ကိုယ်ကရယ်စရာ စနောက်တာပါ၊ ကိုယ့်ကြောင့် သူတို့ ချင်းချစ်သူဖြစ်သွား တော့မကောင်း ဘူးလား"

"ချစ်သူမဖြစ်ဘဲ ရန်ဖြစ်နေကျမှ ဒုက္ခ၊ ချိုချိုက မဟုတ်မဟပ်ဆိုနည်းနည်းစွာချင်တယ်"

"အဆင်ပြေလောက်ပါတယ်"

"ရှင်နဲ့ ရည်ညွှန်းလောင်းမလား"

"စိန်လေ. . . ကြေးအိုးတစ်ပွဲကြေး"

"ဟော့ပေါ့ပဲကြိုက်တယ်"

"အသားကင်ပါထည့်ပေးမယ်"

"အိုကေ"

သူမနှင့်သူက အဲလိုဗရုတ်။ အသက်ကွာပေမယ့်စရိုက်ကသိပ် မကွာ။ အပြောင်အချွတ်ပြောပြီး ပေါ့ပေါ့ပါးပါးပဲနေချင်ကြတာ။

အိမ်မှာ ဆို စိတ်မွန်းကျပ်ကာ ဖိအားတွေများ လွန်းသည် ။ လူငယ်တွေရဲ့ လွတ်လပ်ခွင့်တွေကို ဘောင်ထဲမှာ သော့ခတ်ထားချင်လို့ ဖြစ်ပေါ့မလား။

သူတို့ ကလည်း လစ်ရင်လစ်သလို တွန်းကန်ဖို့ အသင့်အနေ အထားပါ။

လူငယ်ဘဝမှာ ပျော်ပျော်လေးပဲနေချင်သေးတာ နားလည်ပေး တတ်ဦးမှ ပေါ့။

*

# အခန်း (၃)

"ကိုဇေယျာ နေဦး"

"ဟင်"

နောက်က ချိုချိုပြေးလိုက်လာတာမို့ ဇေယျာအံ့အားသင့်ရင်း ခြေလှမ်းရပ်သွားသည် ။ ဒါလည်း အလင်းခေတ်ချွန်ပြီး လွှတ်လိုက်တာနေ မှာ ။ ရည်းစားမထားဘူးလို့ ဘယ်လိုပြောရမှန်း မသိပါဘူးဆိုမှ ၊ ချိုချိုက အလိုက်ကန်းဆိုးမသိလိုက်လာသေးသည် ။

"ကိုဇေယျာ"

"ဗျာ. . . ဟုတ်ကဲ့"

"ချစ်မွေးဆိုတာလေ၊ အဲဒါလေးသိချင်လို့ ၊ အလင်းခေတ်က ပြောတယ်၊ ချိုချိုသိချင်ရင် လိုက်မေးတဲ့ "

"အာ. . . အဲဒါအလင်းခေတ်ချွန်တာ"

"ဘာချွန်တာလဲဟင်"

"ဟိုဗျာ"

တိုတိုကောက်ကောက်လေးဆိုတာ ပါးစပ်ထဲစွဲနေတာမို့ မပြော မိအောင်ထိန်းနေရသည် ။ ချိုချိုက တော်တော်အမေးအမြန်းထူပြီး စပ်စုတတ်သူပါ။ မပြောမချင်းမေးနေလျှင်အခက်။

"အဲဒီချစ်မွေးဆိုတာကို ချိုချိုအရမ်းသိချင်လားဟင်"

"သိချင်တာပေါ့၊ ချိုချိုက ချစ်မွေးဆိုတာတွဲလျက်ကြီးလေ၊ ဘယ်လိုပြောတာလဲ၊ ချစ်မွေးဆိုတာ လူနာမည်လား၊ အဲဒါချိုချိုနဲ့ မသိဘူး၊ သူက ဘာပြောခိုင်းလို့ လဲ"

"မဟုတ်ပါဘူး ဒီလို. . . ကျွန်တော်ရှင်းအောင်ပြောပြမယ်"

"အင်း"

"ကျွန်တော်က အလင်းခေတ်ကိုပြောပြတာ၊ ချိုချိုက ချစ်မွေးပါ တယ်လို့ "

"ရှင်. . . ချစ်မွေးပါတယ်၊ ဘယ်. . . ဘယ်နားမှာ လဲ၊ ဘယ်နား မှာ ပေါက်နေလို့ လဲ"

ချိုချိုကပိုပြီး အူတူတူအတတနိုင်လေ၏။ မထူးတော့ဘူးဆိုပြီး စိတ်အားတင်းကာ ပြောဖို့ ဆုံးဖြတ်လိုက်ခြင်းနှင့်အတူ ချိုချိုပါးလေးကို လက်ညှိုးနှင့်တို့လိုက်၏။

"ဒီမျက်နှာလေးက ချစ်စရာကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ၊ ငယ်ငယ်က ကလေးလေးတွေ ကိုပြောကြတယ်မဟုတ်လား၊ ဒီကလေး လေးက ရုပ်သာမလှတာ ချစ်မွေးပါတယ်၊ အဲ. . . ကိုရီးယားမင်းသားတွေ ကိုလည်း ပြောကြတယ်လေ၊ ရုပ်မလှပေမယ့် သရုပ်ဆောင်ကောင်းတယ်၊ လမ်းလျှောက်တာ စမတ်ကျတယ်၊ ချစ်မွေးပါကြတယ်လို့ လူတွေရူးသွပ်ကြတယ်လေ"

"သြော်. . . သဘောပေါက်ပြီ၊ ချိုချိုကိုရုပ်မလှဘူး၊ ချစ်မွေးပဲ ပါတယ်လို့ ပြောချင်တာလား"

"အဲ. . . ဟုတ်တယ်. . . ဟုတ်တယ်ဗျာ"

"ဘာ"

"အမ်"

ချိုချိုအော်လိုက်၍ ဇေယျာ လန့်ဖျပ်တုန်တက်သွား၏။ ချိုချို ဘာကြောင့်စိတ်ဆိုး သွားမှန်းမသိလိုက်။

"ဒီမယ်"

"ဟုတ်ကဲ့"

"ချိုချို့ကိုမလှဘူးပြောတဲ့ သူဆို၊ ချိုချိုအရမ်းမုန်းတယ်သိလား"

"ဗျာ. . . အဲလိုပြောချင်တာ မဟုတ်ဘူး ၊ ချိုချိုမှာ ချစ်မွေးလေးပါ တယ်ဆိုတာပြောချင်တာ အဲလိုအဲလို"

"အဲဒါတဏှာစိတ်နဲ့ ရှင်ရှုမြင်နေတာပဲ"

"ဗျာ"

"ဘယ်နေရာမှာ ချစ်မွေးပါတယ်ဆိုတာ ချိုချိုတောင်ကိုယ့်ကိုယ် ကိုယ် သတိမထားမိဘူး၊ ရှင်ကစိတ်ကူးယဉ်ပြီး ခန့်မှန်းတယ်ဆိုတာ တဏှာစိတ်နဲ့ ရမ္မက်ဆန္ဒတွေနဲ့ "

"ဟာ. . . ချိုချိုရယ် ရှုပ်ကုန်ပြီဗျာ၊ ကျွန်တော် ချိုချို့ကိုချစ်လို့ ချစ်လို့ အဲလိုပြောတာ၊ ဟို. . . ရည်းစားစကားပြောတာ၊ ချစ်သူဖြစ်ချင်လို့ ၊ အဲ. . . အဲလိုပြောလိုက်တာ"

"တကယ်"

"တကယ် မဟုတ်ဘူး ၊ ကိုးကယ်ဆယ်ကယ် ဟင်း ဟင်း"

"သွား. . . ဝေ့လည်ကြောင်ပတ်လုပ်နေတယ်၊ ဒီကနှာဘူးပြီး ထင်ရာမြင်ရာ လျှောက်ပြောနေ တယ်ထင်လို့ ရှက်သွားတာ"

"စိတ်တော့မဆိုးဘူးပေါ့"

"မဆိုးဘူး"

"မုန်းလည်း မမုန်းဘူးပေါ့"

"မမုန်းဘူး"

"ဒါဆိုချစ်တယ်ပေါ့"

"ချစ်တယ်. . . ဟင့်အင်း မချစ်ပါဘူး၊ ချိုချိုက မိန်းကလေးမူဦး မှာ ပေါ့၊ တန်းခနဲ အဖြေပေးလို့ ဘယ်ဖြစ်မှာ လဲ၊ သုံးမိနစ်စောင့်၊ အဲ. . . သုံး နှစ်စောင့်"

"သေလိုက်ပါတော့ဗျာ"

ဇေယျာ သူ့နဖူးသူရိုက်ပြီး ရင်ခံသွားတာကို ချောင်းကြည့်၍ အလင်းခေတ်နှင့် ရည်ညွှန်း သဒ္ဒါတို့ နှစ်ယောက် ကျိတ်ရယ်လိုက်မိကြ သည် ။ အူလှိုက်သည်းလှိုက် အတူတူရယ်ပြီးမှ ရည်ညွှန်းသဒ္ဒါမျက်နှာလေး က အိုဗာဆန်ဆန်တည်တင်းသွားကာ

"ရှင်တွေ့တယ်နော်၊ ရှင်လည်း မနိုင်ဘူး၊ ကျွန်မလည်း မရှုံးဘူး"

"ဘာဖြစ်လို့ လဲ"

"ဘာဖြစ်ရမလဲ၊ ရှင်က သူတို့ နှစ်ယောက်အဆင်ပြေမှာ ပါဆို"

"အေးလေ အဆင်ပြေနေကြသားပဲ၊ ဘယ်မှာ ရန်ဖြစ်ကြလို့ လဲ"

"ရန်မဖြစ်ကြသလို ချစ်သူလည်း မဖြစ်ကြဘူးလေ၊ သုံးနှစ် တောင် စဉ်းစားဦးမယ်တဲ့ "

"အဲဒါက မင်းသူငယ်ချင်းက အိုဗာပါကွာ၊ ဒီခေတ်မှာ သုံးနှစ် စောင့်

ခိုင်းတဲ့ သူ ဘယ်မှာ ရှိလို့ လဲ၊ သုံးပတ်လောက်နဲ့ ရည်းစားဖြစ်၊ သုံးလလောက်ဆို လက်ထပ်နေကြတာ၊ သုံးနှစ်ဆိုကလေး နှစ်ယောက်လောက် တောင်ရနေပြီ၊ ကိုယ်ဆိုအဲလိုလုပ်မှာ "

"ဘယ်သူ့ကိုလဲ"

"မင်းကို"

"ဘာ"

"ဟုတ်တယ်၊ ကိုယ်မင်းကိုချစ်နေတယ်"

ရင်ထဲနွေးခနဲဖြစ်သွားသော်လည်း သူမနှုတ်ခမ်းလေးကို လှလှ ပင်မဲ့ကွေးပစ်လိုက်သည် ။

"ကျွန်မကိုရော လွယ်လွယ်လက်ခံမယ့်မိန်းကလေးလို့ ထင်နေ လား "

"ဘာလဲ မင်းသူငယ်ချင်းလိုပဲ သုံးနှစ်သုံးမိုးစဉ်းစားဦးမယ်ဆို ပြီး မူမလို့ လား"

"ဟင့်အင်း. . . ဒီတစ်သက်တောင် ရှင့်ကိုစဉ်းစားပေးလို့ ရမှာ မဟုတ်ဘူး "

"ဟာ. . . မင်းပြောပုံကြီးကလဲ၊ နည်းနည်းလေးမှ မျှော်လင့်ချက်ထားလို့ မရဘူးလား၊ ကိုယ်ကဘာဖြစ်လို့ လဲ"

"ကျွန်မမိဘတွေက ကျွန်မချစ်သူ၊ ကျွန်မရဲ့ အိမ်ထောင်ဖက်ကို အရည်အချင်းအပြည့်အစုံတွေ အများကြီးနဲ့ လူဖြစ်ရမယ်လို့ ပြောထား တယ်"

"ကိုယ့်မိဘတွေ ဒီလောက်ချမ်းသာတာကွာ၊ လုပ်ငန်းတွေ လည်း အ

များကြီး၊ ဒီအမွေအနှစ် တွေအားလုံး ကိုယ်တို့ မောင်နှမနှစ် ယောက်တည်းအတွက်ပဲ"

"ရှင့်မှာ မိဘအရှိန်အဝါသာရှိတာ၊ ကိုယ်ပိုင်အရည်အချင်း အစွမ်းအစရှိလို့ လား"

"မင်းကို အဲဒါတွေမက်မောတတ်တဲ့ သူလို့ မထင်မိဘူး"

"ရှင်ထင်တာ မှန်ပါတယ်"

"ဘာ"

အေးဆေးတည်ငြိမ်စွာပြောပြီး သစ်မြစ်ဆုံလေးမှာ ထိုင်ချလိုက် တာ သူအံ့သြရသည် ။ ရင်းနှီးမှုတွေ မခိုင်မာသေးလို့ သူ့ကိုမယုံကြည်နိုင်သေးတာပဲလား။

သူမအနားမှာ ပဲ ဝင်ထိုင်လိုက်ကာ

"မင်းကိုယ့်ကိုမယုံလို့ လား ရည်ညွှန်း၊ ကိုယ်ကလွတ်လွတ်လပ် လပ်ပေါ့ပေါ့ပါးပါးနေ တတ်ပေမယ့် ပေါ့ပျက်ပျက်ကောင်တော့မဟုတ်ပါဘူး"

"ကျွန်မသိတယ်၊ ကျွန်မလည်း အဲလိုပဲနေချင်တာ၊ ဒါပေမဲ့ ရှင်ရော ကျွန်မရော စည်းကမ်း တွေဘောင်တွေ ဖိနှိပ်တင်းကျပ်လွန်းတဲ့ မိဘတွေရဲ့ အရိပ်အာဝါသအောက်ကတော့ ရုန်းမထွက်နိုင် ကြဘူးမဟုတ်လား"

"အဲဒါတော့ ကွက်တိမှန်တယ်"

သူက စိတ်ပါလက်ပါထောက်ခံလိုက်ရင်း သူမဘာပြောချင်တာ လဲဆိုတာ စိတ်ဝင်စား နေမိသည် ။ သူမက ခပ်လှမ်းလှမ်းကားလမ်းမမှာ

အရှေ့အနောက်ပြေးလွှားနေသော ကားတွေကို ကြည့်ရင်း. . .

"ကိုယ့်မိဘတွေထက် တင်းကျပ်လို့ လား"

"ချစ်သူရည်းစားမထားရဘူး၊ တစ်နေ့နေ့မှာ သူတို့ လက်ထပ် ပေး စားတဲ့ သူကိုပဲ ယူရမယ်တဲ့ "

"ဟာ. . . အဲဒါကရှေးရိုးစွဲအယူအဆကြီးပဲ"

"ကိုကိုနဲ့ မမလည်း အဲဒီလိုသူတို့ လက်ထပ်ပေးစားတဲ့ သူပဲ ယူကြ ရ တာလေ၊ ပြောရရင် ကိုယ်ပိုင်အရည်အချင်းရှိတဲ့ သူတွေပေါ့၊ အိမ်ထော င် ပြုတာနဲ့ အမွေအနှစ်သဘောမျိုး အရင်းအနှီး ထောင်ပေးလိုက်တယ်၊ အရည်အချင်းရှိတဲ့ သူက တိုးတက်ကြီးပွားအောင်ကြိုးစားနိုင်တယ်၊ ကို ယ် ပိုင်အရည်အချင်းမရှိတဲ့ သူကတော့ အနာဂတ်မှာ သူတို့လိုမျိုးသား သမီး တွေကို အဆင့်အတန်း မြင့်မားချမ်းသာအောင်ထားနိုင်မှာ မဟုတ် ဘူး တဲ့ "

ဟုတ်သားပဲလို့ ခေါင်းညိတ်ထောက်ခံရမှာ လား။ ဟင့်အင်း. . . သူခါးသီးစွာပင် ခေါင်းခါ ပစ်လိုက်သည် ။

"နောက်ကြောင်းပြန်တဲ့ အတွေးတွေနဲ့ မိဘဆိုပြီး အနိုင်ကျင့်တာ လို့ပဲ ကိုယ်ထင်တယ်၊ လူဆိုတာကိုယ်ပိုင်ဆုံးဖြတ်ခွင့်နဲ့ ရှင်သန်ခွင့်မရ ရင် ဘာအဓိပ္ပာယ်ရှိမှာ လဲ၊ ကိုယ်တို့ က လူငယ်တွေဆိုပေမယ့် လူကြီးတွေရဲ့ အဖိနှိပ်ခံတော့ မဟုတ်ဘူး ၊ ကိုယ့်အတွေး ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကို ယ် နေချင်သလိုနေမှာ ပဲ၊ ဒါပေမဲ့ သူတို့ ကိုမစော်ကားမိအောင်တော့နေ တယ်"

"ကျွန်မရှင့်ရဲ့ အဲဒီစိတ်ကိုကြိုက်တယ်၊ ကျွန်မလည်း အိမ်မှာ သာ ဣန္ဒြေရရနဲ့ မိဘတွေကို မလွန်ဆန်ရဲသလို ကုပ်ကုပ်လေးနေပေမယ့်

လစ်ပြီ ဆိုရင်တော့ မွန်းကျပ်သမျှတွေကို ဖွင့်ဖောက်ထုပြီး ပျော်ပျော်ပဲ နေလိုက်တယ်"

"ဒါဆို မင်းနဲ့ ကိုယ်ကစိတ်တူကိုယ်တူပဲ၊ ကိုယ့်ကိုပြန်ချစ်ပါလား"

ကိုယ့်ထက်အငယ်မို့ သူရဲတင်းစွာပင် ပြောလိုက်၏။ သူမက ရင့်ကျက်မှုများ နှင့်ပြုံးနေကာ

"ချစ်သူဖြစ်ခွင့်ရရင်တောင် ကျွန်မတို့ လက်ထပ်ခွင့်တော့ရမှာ မဟုတ်ဘူး ၊ အိမ်မှာ ဖေဖေ ပြောနေတာ၊ ကိုစည်သူရဲ့ သားက ဖအေခြေရာ မနင်းဘူး၊ အသုံးမကျဘူးတဲ့ "

"ဟင်. . . ကိုယ့်ကိုအဲလိုပြောတယ်၊ ဘယ်လိုလုပ်ပြီးသိတာလဲ"

"စီးပွားရေးလုပ်ငန်းရှင်တွေပဲ၊ မျက်စိရော နားရောစွင့်ထားကြ တာ၊ ဘယ်သူ့သားသမီးက ဘယ်လိုအရည်အချင်းရှိတယ် ဘာဖြစ်နိုင် တယ် ဆိုတာ ခန့်မှန်းပြီး သားရေးသမီးရေးကိစ္စတွေ ရည်ရွယ်ချက်ထား ကြတာလေ၊ ဒါကြောင့်တစ်မိသားနဲ့ တစ်မိသားပေါင်းစည်းပြီး အောင်မြင်မှုတွေ ဆက်နေကြတာပေါ့"

"ရင်ခုန်ဖို့ မကောင်းလိုက်တာကွာ၊ ပျင်းစရာကြီး၊ ကိုယ်ကတော့ အဲဒီအိုင်ဒီယာတွေ မကြိုက်လို့ နေချင်သလိုနေတာ၊ ဒါပေမဲ့ ကိုယ်လည်း ဖေဖေရှေ့မှာ ဆို ကြွက်ကလေးဖြစ်သွားတာပဲ၊ မေမေသာ မရှိရင် အရိုးနဲ့ အသားပြန်ဆက်ဖို့ နေ့တိုင်းလိုက်ကောက်နေရမယ်"

"ရှင့်အမေကျတော့ ရှင့်ကိုချစ်လည်း ချစ်တယ် နားလည်း နားလည်ပေးသလိုပဲနော်"

"ဟုတ်တယ်၊ နားလည်ပေးတယ်၊ အမှားကြီးကြီးမားမား မလုပ်ရင်ပြီးရော၊ လူငယ်ဆိုတာ လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးနေချင်မှာ

ပဲဆိုပြီး ကိုယ့်ဘက်က ကာကွယ်ပေးတယ်၊ ဖေဖေကတော့ ကိုယ့်ကို ဖြစ်စေချင်တာတွေများ ပြီး အမြဲတမ်း ဒေါသပဲကြီးနေတာလေ"

"အသက်ကြီးလာလို့ အားကိုးချင်တာကြောင့်ရောမဖြစ်နိုင်ဘူး လား၊ ရှင့်အဖေက ရှင့်အမေထက်အသက်နှစ်ဆယ်တောင်ကြီးတာဆို"

"အင်း. . . အဲဒါတော့ဟုတ်တယ်၊ ငါ့သေရင် မင်းသားနဲ့ မလွယ် ဘူး၊ ငါ့စိတ်မချဘူးနဲ့ ဖေဖေအမြဲတမ်းပြောတယ်၊ မေမေက ဘာပြန်ပြော လဲဆိုတော့ အဲဒါရှင်ပူစရာမလိုဘူး၊ ရှင်ရှာထား တာ ဒီတစ်သက်စားလို့ မှ မကုန်တာတဲ့ "

"အဲဒါကျတော့လည်း မဟုတ်ပြန်ဘူး"

သူမဘာကိုစဉ်းစားမိသွားသလဲမသိပေ။ သက်ပြင်းချသံသဲ့သဲ့ ကြောင့် သူကနားမလည်စွာနှင့်

"ဘာဖြစ်လို့ လဲ ရည်ညွှန်း"

"အဲလိုအလိုလိုက်လွန်းတာကျတော့လည်း ပုံစံမကျဘူးလေ၊ ဉာဏ်ပညာနည်းပြီး အသုံးမကျရင် ကုဋေရှစ်ဆယ်သူဌေးသားတောင် ခွက်ဆွဲပြီးတောင်းစားရသေးတာပဲ၊ အချိန်အခါ တစ်ခုမှာ ကြိုးစားမှုရှိအောင် တော့ ဆုံးမပေးရဦးမှာ ပေါ့"

"မေမေက ကိုယ့်ကိုချစ်လို့ ပါ၊ ဖေဖေကအရမ်းဒေါသကြီးလွန်း လို့ ကိုယ့်ဘက်ကကာ ကွယ်ပေးထားတာ"

"ရှင့်အဖေက အရမ်းအသက်ကြီးနေပြီ၊ အခုနေတစ်ခုခုဖြစ် သွားရင် ကုမ္ပဏီလုပ်ငန်းတွေ ဘာမှ နားမလည်ဘဲ ရှင်ဘယ်လိုလုပ်ရှင့် အဖေနေရာကိုရမှာ လဲ"

"ကိုယ့်အဖေက အလတ်ကြီးရှိပါသေးတယ်၊ ကိုယ်ကလည်း ဒီတစ်နှ

စ်စာမေးပွဲဖြေပြီး လို့ ဘွဲ့ရရင် ဖေဖေ့လုပ်ငန်းတွေကို လေ့လာတော့ မှာ ပါ၊ အခုက မေမေ့အားကိုးနဲ့ နေသာ သလိုနေနေတာ၊ ကိုယ်ကအဲလို အ ရည်အချင်းမဲ့အောင်နေမယ့်ကောင်တော့မဟုတ်ပါဘူး"

"အဲလိုစိတ်လေးရှိနေတာတော်သေးတာပေါ့"

"အဟဲ. . . ဒါဆိုကိုယ့်ကိုပြန်ချစ်တော့မလား"

အခွင့်အရေးသာတိုင်းဒီစကားပဲပြောနေတာမို့ ရည်ညွှန်းသဒ္ဒါ မျက် စောင်းထိုးလိုက်မိသည် ။ လူပုံချောချောနှင့်ယောကျ်ားပီသသော အလင်း ခေတ်ကို သူမလည်း ချစ်ပါသည် ။

ပွင့်ပွင့်လင်းလင်းပျော်ပျော်နေတတ်တာလေးကလည်း သူမ အတွက် တော့ ဆွဲဆောင်မှုရှိ နေ၏။ ဒါပေမဲ့ ဖေဖေသဘောတူနိုင်မည့် အရည်အ ချင်းမျိုး အလင်းခေတ်မှာ မရှိပေ။

ဒါဆိုလျှင် သူမတို့ အဖြစ်က အလွမ်းနှင့်ပဲဇာတ်သိမ်းရမှာ ပါ။ သူမခ ပ်လေးလေး ခေါင်းခါလိုက် သည့်အခါမှာ အလင်းခေတ်မျက်နှာညို့ မှော င်သွားသည် ။

"ကိုယ့်ကိုစိတ်ပျက်သွားစေချင်တာလား"

"အဲလိုစိတ်ပျက်ပြီး နောက်ဆုတ်သွားရင်လည်း ကျွန်မစိတ်မဆိုး ပါ ဘူး၊ ဒါပေမဲ့ ကျွန်မမျှော် လင့်တာတစ်ခုရှိတယ်"

"ဘာလဲ"

"သူငယ်ချင်းလိုပဲဆက်ခင်ရအောင်လို့ ပြောမလို့ လေ၊ ကျွန်မတို့ ဒီအ တိုင်းလည်း စိတ်ချမ်း သာနေကြတာပဲ မဟုတ်ဘူး လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့နဲ့ ၊ ရှင့်မှာ ဘယ်အချိန်ဘာလုပ်မယ်ဆိုတာ ရည်ရွယ် ချက်ရှိနေတာပဲ၊ အခုမှ ကြိုး စားပြလို့ လည်း ကျွန်မဖေဖေက အလွယ် သဘောတူမယ့်လူစားမျိုး မဟုတ်ဘူး ၊ ဖေဖေတို့ က ငယ်ငယ်တည်းက ကြိုးစားခဲ့လို့ ဒီနေ့လိုမျိုးအောင်မြင်နေကြတာ၊ သူ့ရဲ့ သားသမီးတွေဖြစ်တဲ့ သူတွေကိုလည်း သူ့လိုအရည်အချင်းရှိတဲ့ သူမျိုးနဲ့ ပဲ လက်ထပ်ပေးချင်တာလေ"

"ကိုယ့်အပေါ်သစ္စာရှိပေးမှာ လား"

"ဟင်"

"ကိုယ်အဲလိုအောင်မြင်အောင်လုပ်နိုင်တဲ့ နေ့အထိ မင်းဒီအတိုင်းလေးရှိနေမယ်ဆိုရင်၊ ကိုယ် မင်း ကိုနောက်ထပ်အပူမကပ်တော့ဘူး သူငယ် ချင်းလိုပဲနေမယ်"

"ရှင်လူလည်ပဲ"

"ပြော"

"အင်း"

"ပြီးရော"

လွယ်လွယ်ကတိပေးမိတာတော့မဟုတ်ပေ။ အလင်းခေတ်ဆိုတာ သူမရင်ထဲရှိနေပြီးသားမို့ နောက်ဘယ်လိုလူမျိုးကိုမှ အစားမထိုးဖြစ် မှာကတော့ သေချာသည် ။ အခုတော့သူငယ်ချင်းတွေလိုပဲ. . . .။

*

# အခန်း (၄)

"သားငယ်. . . သားငယ်လေး ထတော့လေကွယ်၊ ဒေါက် ဒေါက်"

"အင်း"

ဒီအသံက မစုလာနှိုးတာမနိုးလို့ မေမေကိုယ်တိုင်လာနှိုးသည် ဆိုတာ သိလိုက်သည် ။ မေမေ့အသံကြားလျှင်တော့ သူအိပ်ရာထဲမှာ ကြာကြာမနေပါ။

အင်းအဲညည်းညူကာ အညောင်းဆန့်ပြီး တံခါးသွားဖွင့်လိုက် သည် ။

"ဟယ်. . . သားငယ်လေး၊ အဲကွန်းဖွင့်ပြီး ဘောင်းဘီတိုနဲ့ အိပ် နေရလား၊ အအေးပတ် တော့မှာ ပဲကွယ်၊ အိပ်ပျော်သွားရင် အေးလို့ အေးမှန်းသိတာ မဟုတ်ဘူး ၊ အဲကွန်းလို အအေး လျှော့ထားရဲ့ လား"

"သားကကျန်းမာရေးကောင်းပါတယ်၊ ဒေါင်ဒေါင်မြည်ပါ မေမေ ရ၊ မေမေ. . . သားဖို့ ဘ ရိတ်ဖတ်စ် ဘာစီစဉ်ထားလဲ"

"သားကြိုက်တဲ့ ကြက်ဥပူတင်းလုပ်ထားတယ်၊ သားအဖေစား ချင်တယ်ဆိုလို့ နန်းကြီး သုပ်လည်း လုပ်ထားတယ်၊ သားမမက ကြာဇံ ဟင်းခါးသောက်ချင်တယ်ဆိုလို့ အဲဒါလည်း ပိုလုပ်ထားတယ်၊ သားက တစ်ခုမှ မလွတ်အောင်အကုန်စားမှာ မဟုတ်လား"

"အဟဲ မေမေကသိနေသားနဲ့ "

"ကဲ. . . သားရေမိုးချိုး အဝတ်အစားလဲပြီးဆင်းလာခဲ့၊ ဒီနေ့ ကျောင်းပိတ်တယ် ဘယ်မှ သွားစရာမရှိဘူးမဟုတ်လား၊ သားအဖေက ပြောစရာရှိလို့ တဲ့ အောက်မှာ စောင့်နေတယ်"

"ဖေဖေက ဘာတွေဦးနှောက်စားဦးမလို့ လဲ မသိဘူး၊ မေမေ သာအနားမှာ နေနော်"

"အေးပါ၊ ဖအေကိုကြောက်တတ်ပေလို့ သာပဲ၊ သားနော် ဟွန်း"

မေမေက ချစ်စနိုးနှင့်သူ့ပါးလေးကို ဆွဲလိမ်၏။ သူကမေမေကို ဖက်၍ နမ်းပစ်လိုက်ကာ

"မေမေ့ကိုအားကိုးပြီး မိုက်နေတဲ့ သားလေးကို လူမိုက်လို့ မထင် လိုက်ပါနဲ့ ၊ ဖေဖေက ဒေါသကြီးလွန်းတာ မေမေအသိပဲ၊ ဖေဖေက သားသမီးတွေကို မိန်းမလောက်မချစ်ဘူး၊ မေမေ့ကျ ရင်တော့ တုန်နေအောင် ချစ်တာပဲနော်၊ မေမေဘာပြောပြောလွန်ဆန်လိုက်တာမရှိဘူး၊ အသက် အရွယ်ကွာလို့ မေမေ့ကိုအငြိုအငြင်မခံရက်အောင် သည်းသည်းလှုပ်နေ တာဖြစ်မယ်"

"အဟင်း. . . သားရယ် ဘာတွေပြောနေမှန်းမသိဘူး၊ ကဲပါ ရေမြန်မြန်ချိုးပြီး ဆင်းလာခဲ့၊ သားအဖေဒေါသကုမ္ဘာရက စိတ်မရှည်ဖြစ် ပြီး လက်သီးမိုးရွာနေဦးမယ်"

"အဲဒီကျရင် မေမေကမျက်စောင်းလေးထိုးလိုက်ပေ့ါ၊ ကျွန်မ သားကို မထိနဲ့ လုပ်လိုက်တာနဲ့ ဖေဖေအမြီးကုပ်သွားမှာ ပဲ"

"ဟယ်. . . အဖေကိုဘယ်လိုတွေပြောနေတာလဲ"

"ဟာ. . . ဟုတ်ပါရဲ့ ဘွာတေး ဘွာတေး"

သူပြောချင်လို့ ပြောတာမဟုတ်ဘဲ လွှတ်ခနဲထွက်သွားတာမို့ ကိုယ်

ဘာသာ လန့်ဖျပ်သွား ရသည် ။ သူ့စိတ်က မိဘကိုပြစ်မှားရဲလောက် အောင် မမိုက်ရိုင်းတတ်ပါ။

ကိုယ့်အပေါ် ဖေဖေဒေါသကြီးလွန်းတာကို တစ်ခါတရံစိတ်ဆတ် ကျ စိတ်ပျက်မိပေမယ့်၊ စိတ်ဆိုးစိတ်နာမိတာမျိုးတော့မရှိဘူးပေ။ ဖေဖေ က သူ့ကိုအရမ်းကိုအရည်အ ချင်းရှိဖြစ်မြောက်စေ ချင်သည့် ဆန္ဒနှင့်ပဲ မဟု တ်လား။ ကိုယ်က ဖေဖေ့အတွက် အားကိုးထိုက်သည့်သားတစ် ယောက်ဖြစ် အောင်မနေနိုင်သေးတာ။

မေမေအောက်ထပ်ပြန်ဆင်းသွားသည် နှင့် သူရေချိုးလိုက်သည် ။ ရေချိုးပြီးပြန်ထွက်လာ တော့ သူ့ဖုန်းလေးကမြည်နေ၏။

တဘက်စောင်ကို ကိုယ်မှာ ပတ်ရင်း သူဖုန်းကိုင်လိုက်သည် ။

"ပြော ဇေယျာ"

"ငါနဲ့ ချိုချို ချစ်သူဖြစ်သွားတဲ့ အထိမ်းအမှတ်နဲ့ မင်းကိုကျွေးမွေး ပြု စုချင်လို့ စိမ်းလန်း စိုပြည်ကိုလာခဲ့ပါလား"

"ဟာ. . . မင်းတို့ ကမြန်လှချည်လား၊ ချိုချိုက သုံးနှစ်စောင့်ခိုင်း ထား တာ မဟုတ်ဘူး လား"

"မင်းကဘယ်ကသတင်းကြားပြီးပြောတာလဲ၊ အလကားပဲတင်း မူ တာပါ၊ အဲဒီနေ့ချက် ချင်းပဲအဖြေရတယ်"

"ကောင်းလှချည်လား၊ ဒါ ဆိုရင်တော့ မင်းဆီကတင် မဟုတ်ဘူး ရ ည်ညွန်းနဲ့ ငါနဲ့ လည်း လောင်းထားသေးတယ်"

"ဘာလောင်းတာလဲ"

"နေပါကွာ၊ အဲဒါငါတို့ ကိစ္စပါ၊ အခုမင်းခေါ်တာတော့ ကျေးဇူး တင်

တယ်၊ ဒါပေမဲ့ ကျောင်းပိတ်ရက် ဖေဖေကသိပ်အပြင်ထွက်တာ မကြိုက်ဘူး၊ ကျောင်းတက်တဲ့ နေ့မှ ပဲ ကျွေးချင် ကျွေးတော့ကွာ"

"မင်းမလာမှာ သေချာလား၊ ချိုချိုဘက်က ရည်ညွှန်းသဒ္ဒါလာမှာနော်"

"ဘာ. . . တကယ်လား"

"မယုံလို့ မလာချင်လည်း မလာနဲ့ ၊ ချိုချိုက ရည်ညွှန်းကိုအိမ်သွားပြီးခေါ်လာမှာ လို့ ပြော တယ်"

"ဟုတ်လား၊ အိုကေ အိုကေ သူငယ်ချင်း၊ ငါလာဖြစ်အောင် လာမယ်"

အလင်းခေတ်တို့ ချက်ချင်းသူငယ်ချင်းတွေ ဘာတွေခေါ်ကာ အသံပြောင်းသွားသည် ။ ချက်ချင်းပင်ဖုန်းကိုပိတ်ပြီး စပို့ရှပ်တစ်ထည် ကောက်စွပ်ကာ အောက်ထပ်ထမင်းစားခန်းထဲကို ပြေးဆင်းလာခဲ့၏။ ဖေဖေကခေါ်ထားသည် ဆိုတော့ စိတ်ကျေနပ်အောင်သွားတွေ့လိုက်ဦးမှ ဖြစ်မည်။

"အခုမှ အိပ်ရာနိုးပြီး ကသုတ်ကရက်ဖြစ်နေတာလဲ၊ လူပျင်းတွေ မှ နေဖင်ထိုးအောင်အိပ်တာ"

"ဒီနေ့ကျောင်းပိတ်တယ်ဆိုပြီး ညကအင်တာနက်ထိုင်တာ ညဥ့်နက်သွားလို့ ပါ ဖေဖေရဲ့ "

"ပြောလိုက်ရင်ဆင်ခြေနဲ့ ၊ ကျောင်းတက်ရတဲ့ နေ့လည်း ကျောင်းသွားခါနီးမှ နိုး တာမဟုတ် လား၊ မင်းကတော့မပြောလိုက်ချင်ဘူး"

"ကဲ. . . ရှင်ကလည်း မပြောချင်ရင်လည်း မပြောပါနဲ့ ၊ သားငယ် ကောင်းကောင်း စားပါစေ"

"အေး. . . မြန်မြန်စား အချိန်မရှိဘူး"

"ဘာဖြစ်လို့ လဲ ဖေဖေ"

"ငါ့ကိုနေပြည်တော်ကားမောင်းပြီးလိုက်ပို့၊ ဟိုမှာ ဒီကထွက် သွားတဲ့ ကားတိုက်လို့ ပြဿနာ သွားရှင်းရမယ်"

"ဟာ. . . ဒရိုင်ဘာတွေ လိုက်ပို့ခိုင်းလေဖေဖေရဲ့ ၊ သားက နောက်နေ့ လည်း ကျောင်းတက် ရဦးမယ် ဘယ်လိုလုပ်လိုက်ပို့နိုင်မှာ လဲ"

"ဟိတ်ကောင်. . . နေပြည်တော်လမ်းကို ဒရိုင်ဘာတွေ စိတ် မချလို့ မင်းကိုလိုက်ပို့ခိုင်း တာပေါ့ကွ၊ သွားတာဘယ်လောက်ကြာမှာ မို့ လို့ လဲ၊ ဒီတစ်ညပဲအိပ်ပြီး မနက်ဖြန်ပြန်ထွက်လာရင် နောက်နေ့မင်း ကျောင်း တက်လို့ ရတာပဲ"

"ဖေဖေရယ် ဒီလောက်ခရီးဝေးကိုကားမောင်းရမှာ နောက်နေ့ ချက် ချင်းကြီး ကျောင်းဘယ် လိုလုပ်တက်နိုင်မှာ လဲ"

သူ့ဆင်ခြေအတွက် ဖေဖေမျက်မှောင်ကြုတ်သွားပြီး စားပွဲခုံကို ဖြန်း ခနဲပုတ်သည် ။ ဇွန်းတွေ ပန်းကန်တွေလည်း ဂလုံဂလွမ်မြည်သွား၏။

"မင်းက တော်တော်လေးကို စာကြိုးစားချင်နေတယ်ပေါ့ ဟုတ် လား ၊ အရမ်းကိုပညာ တတ်ချင်နေတယ်လား"

"ဖေဖေပဲ အဲလိုဖြစ်စေချင်တာမဟုတ်လား၊ မင်းအရည်အချင်း မရှိ ဘူး၊ အသုံးမကျဘူး နဲ့ ပြောနေလို့ ၊ သားကကျောင်းမှန်မှန်တက်ပြီး တစ် နှစ်တည်းနဲ့ စာမေးပွဲအောင်အောင်လုပ်မလို့ ပါ၊ ဒါမှ ဘွဲ့ရတာနဲ့ ဖေဖေ့ အလုပ်တွေကိုလုပ်နိုင်မှာ လေ၊ အဲဒီကျမှ ဖေဖေကကောင်းကောင်း အ နား ယူ"

"တော်စမ်း ဟိတ်ကောင်၊ မင်းမှာ အဲလိုစေတနာမျိုးမရှိတာ ငါသိတ

ယ်၊ အပိုတွေမပြောနဲ့ ၊ မင်းငါ့ကိုလိုက်မပို့ချင်လို့ ဆင်ခြေပေးနေ တယ်ဆိုတာ ငါသိတယ်၊ မင်းကိုငါအခက်အခဲဖြစ်လို့ အကူအညီဘယ်နှစ် ခါ တောင်းဖူးလဲ၊ အခုကားမှောက်တယ်ဆိုတာ ကုမ္ပဏီကကား၊ လူဘယ်နှယောက်သေလဲ၊ ဘယ်နှယောက်စာလျော်ကြေးပေးရမလဲ၊ ဘယ်နှ ယောက်ဒဏ်ရာရလို့ ဘယ် လိုတွေဖြေရှင်းရမလဲ၊ ကားရောဘယ်လောက် ပျက်စီးသွားလို့ ဘယ်လောက်ဆုံးရှုံးနစ်နာသွားလဲ၊ မင်းတို့ တစ်ခွန်းတောင် မမေးဘူး။ ဒီဖအေက အပိုအလုပ်တွေလုပ်နေတယ်ထင်လို့ လား"

"ရှင်ကလည်း သားငယ်ကိုဘာလို့ ဒီလောက်ဆူနေတာ လဲ၊ ခါတိုင်းလည်း ဘာပြဿနာဖြစ်ဖြစ် ရှင့်ဘာသာရှင်းသွားတာပဲလေ၊ ဒီလောက်ကြီးကြီးကျယ်ကျယ် လည်း မဖြစ်ဘူး တော့ ကလေးကဘယ်သိ မှာ လဲ"

"မြလေး. . . ဒီကိစ္စက မိသားစုအတွက် သိပ်ကိုအရေးကြီးတယ်၊ သားတစ်ယောက်ဖြစ်ပြီး မဆိုင်သလိုနေတတ်လွန်းလို့ ပါ၊ အခုနေ ငါသေ သွားရင် ဒီလုပ်ငန်းတွေကို ဒီကောင်ဘယ်လို အုပ်ချုပ်မလဲ၊ ကားတွေ သွင်းတယ်၊ အဝေးပြေးဘတ်စ်ကားတွေထောင်တယ်၊ ကားအရောင်းပြ ခန်းတွေရှိတယ်၊ ဘာတစ်ခုမှ ဒီကောင်မလေ့လာဘူး၊ စိတ်မဝင်စားဘူး၊ ပဲတွေ ဆန်တွေ အိတ်စ်ပို့အင်ပို့အလုပ်တွေရော သူဘာသိလဲ၊ ငါရှာတာ ကိုအရှက်မရှိမှီခိုပြီးစားနေတာ"

ဖေဖေ့စကားက သူ့အသည်းတွေဆတ်ဆတ်ခါသွားစေသည် ။ လက်ထဲကဇွန်းခပ်ရင်းကို အသံမြည်အောင်လွှတ်ချလိုက်ပြီး

"မွေးထားပြီး ကျွေးရမယ့်တာဝန်မိဘမှာ မရှိဘူးလား ဖေဖေ၊ သားဒီအလုပ်တွေကို မလုပ်ဘူးလို့ ပြောနေလို့ လား၊ သားသမီးကိုအရှက် မရှိမှီခိုစားတယ်လို့ တော့ မပြောသင့်ပါဘူး"

"ဩော်. . . နာတော့နာတတ်တယ်လား၊ မင်းအရွယ်မရောက် သေးရင် ဒီစကားပြောမ လားကွ၊ အခုကဒီလိုလုပ်သင့်တဲ့ အရွယ်ကိုလွန် လာလို့ ပြောရတာ၊ မိဘကဆုံးမတော့လည်း မနာခံ ချင်ဘူး"

"ငယ်ငယ်ကအတိုင်းဒေါသတွေနဲ့ ပဲ ဖေဖေဆုံးမခဲ့တာပါ၊ နားဝင်အောင်ဘယ်နှခါ သိမ်းသွင်း ဖူးလို့ လဲ"

"ဟိတ်ကောင်. . . ငါ့ကိုအသက်ကြီးလို့ မခန့်လေးစားပြန်ပြော နေတာလား"

"ကဲ. . . တော်ကြပါတော့၊ စားဝိုင်းသောက်ဝိုင်းမှာ အမြဲတမ်း ပြဿနာဖြစ်တယ်၊ ကိုစည်သူ ရှင်အဲလိုဖြစ်တိုင်းသွေးတိုးတယ်လို့ ပြော ပြီးဒေါသပဲကြီးနေရလား"

"ဟုတ်တယ်မောင်လေး၊ ဖေဖေ့ကိုဒေါသထွက်အောင်မလုပ်ပါ နဲ့ ၊ ဖေဖေက အခုတလော သွေးခဏခဏတိုးနေတာ"

"ကျွန်တော်ကလုပ်လို့ လား၊ သူ့ဘာသာဒေါသကြီးနေတာ"

"ဟိတ်ကောင်"

"အ"

ခပ်ရင်းနှင့်ကောက်ပေါက်လိုက်တာမို့ သူ့နဖူးသွေးစို့သွားသည် ။ မေမေပျာပျာသလဲ ဖေဖေ့ ကိုထဆွဲ၏။ မမကသူ့ဆီကိုအပြေးလာကာ

"မောင်လေး နဖူးမှာ သွေးထွက်နေပြီ၊ လာ လာ မောင်လေး ဆေးထည့်ရအောင်"

"မထည့်ဘူးဗျာ သေရင်သေပစေ"

"ဟိတ်ကောင် ဒါသေလောက်တဲ့ ဒဏ်ရာ မဟုတ်ဘူး "

"လာပါမောင်လေးရယ်၊ ဖေဖေဒေါသဖြစ်နေတုန်း ရှောင်နေလိုက်ပါ"

ကြည်ဖြူခေတ်က အလင်းခေတ်ကို ဖွတ်ဆွဲရုန်းခေါ်သွားသည် ။ ဦးစည်သူခေတ်မှာ တက်ခေါက်ရင်းဖြင့် မေးကြောကြီးတွေထောင်ထ တင်းရင်းလာ၏။ ဒေါ်မြကတ္တီပါက ဦးစည်သူ ခေတ် ကိုခုံမှာ ပြန်ထိုင်စေ လိုက်ကာ

"ဘာလို့ ဒီလောက်ဒေါသကြီးနေရတာလဲ ကိုစည်သူရယ်၊ ကိုယ့် အသက်အရွယ်နဲ့ ဒေါသကို လည်း ထိန်းဦးမှ ပေါ့"

"ဒီကိစ္စကိုယ်ဒေါသမထွက်သင့်ဘူးလား မြလေး၊ ကိုယ့်မှာ ဒီ အသက်အရွယ်ရောက်နေပြီ၊ သားတစ်ယောက်မွေးထားပြီး ဒီလောက် တောင်အားမကိုးရဘူးလား၊ သူတို့ အတွက် ကိုယ်ဘယ် လောက် အပင်ပန်းခံကြိုးစားခဲ့ရတယ်ဆိုတာ မြလေး အသိဆုံးပါ၊ သူတို့ က ဖအေကြီး ဒီလောက်အို နေတာတောင် ခိုင်းစားချင်နေတာ၊ နည်းနည်းမှ ကိုကျေးဇူး မသိတတ်ဘူး"

"အဲလိုလည်း ဘယ်ဟုတ်ပ့ါမလဲ၊ သားသမီးဆိုတာကတော့ မိဘကိုမှီခိုမှာ ပဲလေ၊ အဲလိုအမှီခိုမခံချင်ရင် ရှင်စွန့်ပစ်လိုက်ပေ့ါ"

"မြလေး"

ဒီစကားထွက်မည်မထင်တာကြောင့် ဦးစည်သူခေတ်အနည်း ငယ်အံ့သြသွားခဲ့သည် ။ ပြုံးသ ယောင်ပြုနေသော ဒေါ်မြကတ္တီပါရဲ့ နှုတ်ခမ်းများက ဦးစည်သူခေတ်ကို လှောင်ချင်သ ရော်ချင်နေသလိုပါ။

"ရှင့်သားသမီးတွေ ရှင်စွန့်တော့ မစွန့်ပစ်ဘူးမဟုတ်လား၊ အဲလို မလုပ်နိုင်ဘဲနဲ့ ဘာလို့ အားမလိုအားမရ ဒေါသတွေကြီးနေတာလဲ၊ ဖြစ်ချင်

သလိုတွေဖြစ်မလာလို့ စိတ်ပျက် နေတာလား"

"သူတို့ ကိုဖြစ်စေချင်တယ်ဆိုတာ မိဘမေတ္တာပဲလေ၊ ကိုယ့် ဘက်က ဘာတွေတာ ဝန်မကျေတာရှိခဲ့လို့ လဲ၊ မင်းသာ ကာဆီးကာဆီး မလုပ်ရင် ဒီကောင့်ကို ကိုယ်လိုချင်တဲ့ ပုံစံ မရရအောင်သွင်းတယ်"

"ဩော်. . . ကျွန်မကြောင့် ရှင်ဖြစ်ချင်သလိုမဖြစ်တာလို့ ပြော ချင်တာလား၊ ရှင့်သား ပျက်စီးနေတာ ကျွန်မကြောင့်ပေါ့လေ"

ဒေါ်မြကတ္တီပါ စိတ်ဆိုးမာန်ဆိုးလေသံမာလာတော့ ဦးစည်သူ ခေတ်ပျာပျာသ လဲဖြစ်သွားသည် ။ ဒေါ်မြကတ္တီပါ ပခုံးလေးကိုလှမ်းဖက် လိုက်ကာ

"အဲ. . . အဲလိုသဘောမျိုးပြောတာမဟုတ်ပါဘူး မြလေးရယ်၊ သားနဲ့ သမီးကို မြလေး ဘယ်လောက်ချစ်ပြီး ဘယ်လိုပြုစုယုယခဲ့တယ်ဆို တာ ကိုယ်သိပါတယ်၊ မိခင်စိတ်အပြည့်အဝရှိလို့ ကိုယ်ကျေးဇူးတင်နေ တာပါ မြလေး"

"ရှင်ထဲရှိသလို ပွင့်ပွင့်လင်းလင်းပြောပါ ကိုစည်သူ၊ ရှင်ပြော တဲ့ စကားက ဘယ်အထိ သက်ရောက်တယ်ဆိုတာ"

"ကိုယ့်စကားမှားသွားရင် ကိုယ်တောင်းပန်ပါတယ် မြလေး၊ ကိုယ်က ဒီကောင်မသိတတ် တာကို ဒေါသဖြစ်မိလို့ ပါ၊ မြလေးရယ် စိတ်မဆိုးပါနဲ့ နော်၊ ကိုယ်ခရီးသွားဖို့ အတွက် ပြင်ဆင်ပေး ပါဦး၊ မသွားလို့ မဖြစ် တဲ့ ကိစ္စဆိုတော့ ဒရိုင်ဘာကိုပဲခေါ်သွားလိုက်တော့မယ်"

"ကုတ်ပဲဝတ်သွားမှာ လား၊ အဲဒီဘက်ကအေးရင် ပိုအေးတတ် တယ်၊ ဂျာကင်ပါ ထည့်ပေးလိုက်မယ်၊ နွေးနွေးထွေးထွေးလည်း ဝတ်ဦး"

"အင်းပါ မိန်းမသဘော"

ထိုသို့ ဂရုစိုက်မှုလေးတွေကိုကြည်နူးပီတိဖြစ်သွားရပေမယ့် လူ အသေအပျောက်ရှိလို့ ကုမ္ပဏီရဲ့ ဆုံးရှုံးနစ်နာမှုတွေကို တစ်ခွန်းမှ အရေးတယူမေးမြန်းခြင်းမရှိတာတော့ ရင်ထဲမှာ ကသိကအောက်နှင့်ပင်။ ဘာကို မှ မစွက်ဖက်သလိုပုံစံမျိုးဖြင့် ဘယ်တော့မှ စိတ်ဝင်စားခြင်းမရှိခဲ့ပေ။

သားနဲ့ သမီးကလည်း ဒီအလုပ်ကို စိတ်မဝင်စားဘဲနေသာသလို နေသည် ။ ကိုယ်ဖြစ်ချင်သ လိုမဖြစ်ရဘဲ မြကတ္တီပါရဲ့ ဖေးမမှုတွေဖြင့် ရေသာ ခိုကာ သက်တောင့်သက်သာပဲနေကြ၏။

ဘယ်လောက်တောင်ရင်မောဖို့ ကောင်းလိုက်ပါသလဲ။ ကိုယ်သာ တစ်ခုခုဖြစ်သွားလျှင် ဘယ်လိုပုံ စံမျိုးတွေနှင့် ရှေ့ဆက်သွားကြမည်မသိပေ။

ကိုယ့်မှာ တော့ အသက်အရွယ်ကြီး လာလေ၊ သူတို့ တွေအတွက် နောက်ဆံတင်း ပြီးရင်လေးမိလေပါ။

ရှေ့ဆက်ဘာတွေများ ဖြစ်ဦးမှာ ပါလဲ. . . ။

*